KACHIN ALLIANCE

၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်

**Kachin Alliance (ကချင်မဟာမိတ် အဖွဲ့) မှ CRPH (ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ) ထံသို့ အိတ်ဖွင့်ပေးစာ**

ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု ကော်မတီ(CRPH) မှ အာဏာသိမ်း စစ်ကောင်စီအား အကြမ်းဖက်အုပ်စုအဖြစ် ထုတ်ပြန်ကြေငြာချက်ကို ထောက်ခံကြိုဆိုပါသည်။ ကျွန်ုပ်တို့ ကချင်မဟာမိတ်အဖွဲ့ (Kachin Alliance) မှ ခေါင်းဆောင်တစ်ဦးအား (CRPH) ၏ ကိုယ်စားလှယ် အဖြစ် တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းချက်အတွက်လည်း အထူးကျေးဇူး တင်ရှိပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ မျှော်မှန်းထားသော နိုင်ငံရေး ရပ်တည်ချက်များနှင့် လိုက်လျော ညီထွေသော အချက်အလက်များကို (CRPH) မှ ထုတ်ပြန်ကြေငြာခြင်း မတွေ့မမြင်ရသေးသဖြင့် ဤကမ်းလှမ်းချက်ကို လက်ခံရန်များစွာ အခက်အခဲ ဖြစ်စေပြီး စိတ်မကောင်း ဖြစ်ကြရပါသည်။

ကျွန်ုပ်တို့အဖွဲ့အစည်းသည် မြန်မာပြည်၏ တရားမျှတရေး၊ ငြိမ်းချမ်းရေး တို့နှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ တန်းတူညီမျှရေး အတွက် ကြိုးပမ်းအားထုပ် ရပ်တည်နေသော ပြည်ပအခြေစိုက် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်းသည် မြန်မာပြည်အတွင်းအာဏာရှင် လုံးဝကျဆုံးရေး နှင့် မတရားဖမ်းဆီး ချုပ်နှောင် ခံထားရသူများ အကြွင်းမဲ့ အမြန်ဆုံး လွတ်မြောက်ရေး အတွက် ကြိုးပမ်းအားထုတ် နေသည့် အဖွဲ့အစည်းလည်း ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံအတွက် ပင်လုံစိတ်ဓါတ်ကို အခြေခံသည့် အောက်ဖော်ပြပါ နိုင်ငံရေးမျှော်မှန်းချက် နှင့် လိုလားချက်များကို တင်ပြ အပ်ပါသည်။

(၁) ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းရေး၊

(၂) ဖယ်ဒရယ်ဒီမိုကရေစီစနစ် တည်ထောင်ရေး၊

(၃) တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ထောက်ခံပြီး၊ လူမျိုးစု အားလုံးနှင့် ဘာသာရေးအားလုံးကို အခြေပြုထားသည့် ယာယီပြည်ထောင်စု အစိုးရ ဖွဲ့စည်းရေး၊ တို့ဖြစ်ပါသည်။

NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) အနေဖြင့်(၂၀၀၈)အခြေခံဥပဒေကိုအသုံးချ၍ တရားဝင်လုပ်ပိုင်ခွင့် ရှိသော အဖွဲ့အစည်း အဖြစ် ရပ်တည်လိုသည့်အချက်အားလည်း ကျွန်ုပ်တို့နားလည်ပါသည်။

သို့ရာတွင် ၂၀၀၈ အခြေခံဥပဒေသည် ထိုအခြေခံဥပဒေထဲမှ အချက်များအရ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နေ့တွင် အဆုံးသတ် သွားခဲ့ပြီးဖြစ်ပါသည်။ ၂၀၀၈ အခြေခံဥပဒေသည် မြန်မာစစ်တပ် အဓွန့်ရှည်ရေးအတွက် မြန်မာစစ်တပ်ကိုယ်တိုင် ရေးဆွဲခဲ့သော အခြေခံဥပဒေပင်ဖြစ်ပါသည်။ ထိုအခြေခံဥပဒေအား ဆက်လက် ထိန်းသိမ်း နေခြင်းသည် နိုင်ငံရေးနှင့် အမျိုးသား ပေါင်းစည်းညီညွတ်ရေး လုပ်ငန်းများအတွက် စစ်အာဏာရှင်၏ အဖျက်အမှောက် လုပ်ရပ်များကို သက်ဆိုးရှည်စေရန်သာ ဖြစ်နေပါသည်။ မြန်မာပြည်သူလူထု လိုအပ်နေသည်မှာ လူများစုကသာ အုပ်စိုးသည့် ဒီမိုကရေစီ ဖယ်ဒရယ်စနစ် မဟုတ်ဘဲ၊ စစ်မှန်သော ဖယ်ဒရယ်စနစ် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အရေးကြီးသည့် ကာလတွင်ရောက်ရှိနေပြီး၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုကော်မတီအနေဖြင့် ပြည်ထောင်စု၏ ရှေ့ရေးအတွက် ဆုံးဖြတ်ချက်ချရမည့် အရေးကြီးသည့် အချိန်ပင် ဖြစ်ပါ သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား လူမျိုးစုများတို့၏ အင်အားကို စုစည်း ခြင်းသာလျှင် အကြမ်းဖက် အဖွဲ့အစည်းဖြစ်သော မြန်မာစစ်တပ်အား မြန်မာ့နိုင်ငံရေးမှ တိုက်ထုတ်နိုင်မည့် တစ်ခုတည်း သော နည်းလမ်းပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တောင်းဆိုလိုသည်မှာ ပင်လုံစိတ်ဓာတ်ကို အခြေခံသည့် ဖယ်ဒရယ်စနစ်ကိုတည်ထောင်ရန် ကတိကဝတ်ပြု၍ ၂၀၀၈ အခြေခံဥပဒေကို ဖျက်သိမ်းကြောင်း ကြေငြာရန်ပင်ဖြစ်ပါသည်။ ဤအချက်သည် ကချင်တစ်မျိုးသားလုံးအတွက် အဓိကကျသော ရည်မှန်း ချက်ပင် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သော ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအား CRPH အနေဖြင့် လူအများသိစေရန် ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ချပြပေးပါက ကျွန်ုပ်တို့ဘက်မှလည်း အတိတ်ကာလများ ကဲ့သို့ပင် အလွတ် သဘော ကူညီရန် အစဥ်အမြဲ တံခါးဖွင့်ထားလျက် ရှိပြီး၊ ယခင်ကထက် နှစ်ဆကြိုးပမ်း လက်တွဲဆောင်ရွက် သွားမည် ဖြစ်ပါသည်။

Kachin Alliance

Washington, D.C.